
# မင်းသိင်္ခ ဗေဒင်မေးချင်ရင်

## ဇကာံသမဗေဒင်ကိုသင်



ရှာဖွေစုဆောင်းတင်ပြသူ


**ဝင်းဇော် (သစ်တော)**

2017 Graphic Art : Aye Chan Maung

# မင်းသိင်္ခ



ဂေါ်သပညာကို တောင်တည်ထောင်ခဲ့သောဆရာကြီး



စောစောပိုင်း ကော်သဝေဒင်သင်တန်းများတွင်
သင်တန်းဆင်းလက်မှတ်အဖြစ် ကျောက်သင်ပုန်းတစ်ချပ် ချီးမြှင့်လေ့ရှိရာ
အယူတော်မင်္ဂလာမြို့တွင် ပြုလုပ်ထားသော ကော်သတို့၏အထိမ်းအမှတ်
ကျောက်သင်ပုန်းကြီးကို တွေ့ရစဉ်



[illegible]

# ဗေဒင်မမေးချင်ရင် ဇော်ဂျီဗေဒင်ကိုသင်

## အမှာ စာ

ကြာခဲ့ပါပြီ။ လွန်လေပြီးသော ၄၅ နှစ်ကဖြစ်ပါသည် ။ ကျွန်တော့်အစ်ကိုကြီး မင်းသိခ် ( ထိုအချိန်က 'မင်းသိခ်' ကလောင်အမည် မမှ ည့်သေးပါ) သည် အင်းစိန်အကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသမားဘ၀မှ လွတ်မြောက်လာခါစ အချိန် ဖြစ်ပါသည် ။ အမှတ်( ၁၉၅ )၊ ဘိုးလိမ်းလမ်း၊ ကျောက်မြောင်းဟု အမှတ်သညာ အမည်လိပ်စာတပ်အပ်သော တိုက်အိုကြီးတစ်လုံး၏ တစ်ခုသော တိုက်ခန်းဟောင်းလေး တစ်ခန်းအတွ

င်းမှာ အမိအဘနှစ်ဦးနှင့် ညီအစ်ကို မောင်နှမများကြားမှာ ကျပ်တည်း ကျဉ်းမြောင်းစွာ နေရသောအခါက ဖြစ်ပါသည် ။

အစ်ကိုကြီး 'မင်းသိမ်'သည် ဆေးပေါ့လိပ်ပေါင်း များ စွာကို မီးညှိဖွာ ရှိုက်ပြီး ကြမ်းပြင်သမံသလင်း ပေါ်၌ လည်းကောင်း၊ စာရွက်တို စာရွက် စများ ပေါ်၌ လည်းကောင်း၊ 'ရေလှိုင်းတွန့်'လေးများ ရေးခြစ်ခြင်း၊ အစ က်အပြောက်လေးများကို ရေးမှတ်ခြင်းများ ပြုလုပ်ကာ အချိန်များ စွာ ကို ဖြုန်းတီး၍ နေခဲ့လေ၏။ ထိုအချိန် ကာလ၌ ကျွန်တော်သည် တက္က သိုလ်ကျောင်းသား ဘဝသာ ရှိသေး၏။

တစ်နေ့ . . . ကျွန်တော့်အစ်ကိုကြီး 'မင်းသိမ်'က ကျွန်တော့်ကို ရွှေ တိဂုံဘုရား ဖူးတက်ရန် ခေါ်ပါသည် ။ အရေးကြီးသော စကားပြောရန် ရှိသည် ဟု လည်း ပြောပါသည် ။

ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် ရွှေတိဂုံဘုရားသို့ ရောက်ခဲ့ကြ သည် ။ 'ဘိုးဘိုးအောင်' ဘုရားတန်ဆောင်း၏ အနောက်ဘက် ကျောချင်းကပ်တွင် ရှိသော '**ဓမ္မစေတီဆုတောင်းပြည့်ဘုရား**'မှာ ဝတ်ပြု ရှိခိုးပြီးနောက် . . . ထိုင်၍ စကားပြောကြသည် ။

"ဝင်းဇော် . . . သေသေချာချာ နားထောင် . . . နှစ်အတော်ကြာအော င် ငါရှာဖွေခဲ့တဲ့ "**ကေသံပဗ္ဗာကရဏ ပေဒင်**' ပညာကို ငါရပြီ။ ဟောဒီမှာ . . . ငါ အကုန်လုံး ရေးထားပြီးပြီ။ ဒီပညာကို ငါ မြန်မာပြည်မှာ ဖြန့်ဖြူး တော့မယ်။ ဒီကျမ်းစာအုပ်ကြီးကိုတော့ မင်းသိမ်းထားပါ။ နောက်မှ အခါအခွင့်သင့်ရင် ကျမ်းစာအုပ်အဖြစ် ထုတ်ဝေဖြန့်ချိပေါ့ကွာ။ ဒီ မ.ဆ. လ အစိုးရလက်ထက်မှာ တော့ ဘယ်နည်းနဲ့ ထုတ်ဝေခွင့်ရမှာ မဟုတ် ဘူး ။"

" '**ကေသံပဗ္ဗာကရဏပေဒင်ပညာ**' ဆိုတာ ဘာလဲအစ်ကို"

"အလွန်မှန်တဲ့ အတ္တပ္ပနဗေဒင်ပညာရပ်လိုပေ့ါကွာ . . . မသိသူကျော် သွား . . . သိသူ ဖော်စားလို့ တောင် ပြောစမှတ်ပြုရမဲ့ ဗေဒင်ပညာရပ်ကြီး အဖြစ်နဲ့ ကျော်ကြားထင်ရှားလာလိမ့်မယ်"

ထိုအချိန်က ကျွန်တော့်အစ်ကိုကြီး မင်းသိခ်၏ စကားမှာ လွန်လွန်း သည် ဟု ကျွန်တော် ထင်ခဲ့သည် ။ ကျွန်တော့်အထင် ပါစင်အောင်လွဲပါ တော့သည် ။ နောင်တွင် . . . '**ဇေကံသဗျာကရဏ ဗေဒင်ပညာ**'ပေါ်ထွက် လာ သလို '**ဇေကံသဗျာကရဏ ဗေဒင်ပညာ**' ရှင်ပေါင်းများ စွာလည်း ပေါ်ထွက်လာပါတော့သည် ။ '**ဇေကံသဗျာကရဏ ဗေဒင်ပညာ**' ကျမ်းကြီးကိုတော့ စာပေစိစစ်ရေး အကန့်ကြောင့် ကျွန်တော့်အစ်ကိုကြီး မင်းသိခ် ကွယ်လွန်သွားမှ ကျွန်တော် ထုတ်ဝေဖြန့်ချိခွင့် ရရှိခဲ့ပါသည် ။ ယခုလည်း '**ဇေကံသဗျာကရဏ ဗေဒင်ပညာ**' အတွက် သေရေးရှင်ရေး တမျှ အရေးကြီး လိုအပ်နေသည့် '**ဇေကံသဗျာကရဏ ဗေဒင်**' လက်တွေ့ ဟောပုံဟောနည်းနှင့် လျှို့ဝှက်ချက်ကို ကျွန်တော့်အစ်ကိုကြီး မင်းသိခ် ၏ သင်တန်းပို့ချချက် မူရင်း မူမှန်အတိုင်း တင်ပြအပ်ပါသည် ။

ဇေကံသဗျာကရဏ ဗေဒင်ပညာရှင်စစ်စစ်များ ၏

မေတ္တာကို ခံယူလျက်

**ဝင်းဇော်( သစ်တော )**

7.7.2018

* * *

## ပြောပြသူ

ဒီမှာ မိတ်ဆွေ . . .

သင်ဟာ ဗေဒင်မတတ်သေးဘူး ထင်ပြီး

တအားကြီး လေ့လာ တအားကြီး ကြိုးစားနေတယ် . . .

အမှန်ကတော့

ဘဝအသချေ်မှာ သင်ဟာ ဖြန်းဖြန်းကွဲ တတ်ကျွမ်းတဲ့

ဗေဒင်ဆရာကြီးတစ်ဆူ ဖြစ်ခဲ့ဖူးတဲ့ အကြိမ်တွေ အများကြီးပါ။

သင့်ရဲ့ အတွင်းသဏ္ဍာန်မှာ ဗေဒင်ပညာတွေ

ရှိနေပြီးသားပါ . ..။

အတိတ်ဘဝက ပြုခဲ့ဖူးတဲ့ ကောင်းမှု

မကောင်းမှုတွေနဲ့ အတူ ပါလာပါတယ် . . .

အဲဒီလို ပါလာကြောင်း မသိလို့ သင် မတတ်သေးဘူးလို့ ထင်နေတာပါ၊ တကယ်တော့ . . .

သင်ဟာ ဗေဒင်ပညာကို

မသင်ခင်ကပင် တတ်ပြီးသားပါ . . .၊

အဲဒီလို တတ်ပြီးသားဖြစ်ကြောင်းကို သင်မသိလို့

ကျွန်ုပ်က ပြောပြရတာပါ . . .၊

ဒါကြောင့် ကျွန်ုပ်ဟာ ဆရာမဟုတ်ပါဘူး . . .၊

သင် မေ့လျော့နေတာကို


ပြောပြတဲ့ သင့်ရဲ့ မိတ်ဆွေပါ . . .။

အစဉ်ပြောပြနေမဲ့

သင့်ရဲ့ မိတ်ဆွေ

**မင်းသိခ်**

* * *



လွတ်လပ်ပေါ့ပါးသော စိတ်အလျဉ်

သင့်ရဲ့ စိတ်ဟာ . . .

တိမ်လိုလွင့်ပြီး

စမ်းရေလို စီးနေစမ်းပါစေ၊

ဧကံသပညာက

သူ့ဟာသူ မှန်သွားပါလိမ့်မယ်။

**မင်းသိခ်**

* * *


အဘမင်းသိင်္ခ၏လက်ဆောင်

* * *

# ဇော်ကံသနှလုံးသည်းပွတ်

သင်ဇေဒင်တွက်ရမယ် . . .

ပြီးတော့ . . . သင် ဇေဒင်ဟောရမယ်၊

ဒါပေမဲ့ . . .

**အဲဒီတွက်တဲ့**

**ဟောတဲ့ အထဲ**


**သင်မပါရဘူး . . .၊**

အဲဒါဟာ

ဇော်ကံသပညာရဲ့ နှလုံးသားပဲ . . .၊

**မင်းသိခ်**

* * *



သင်နှင့် ပဲ့တင်သံ

သင်ဟာ . . . . .

ပွဲတင်သံကို တိတ်စေချင်တဲ့ အတွက်

တိတ်ပါတော့လို့ အော်နေတဲ့ လူလို ဖြစ်နေပြီ၊

အဲဒီလို အော်နေသရွေ့တော့

ပွဲတင်သံဟာ တိတ်မသွားနိုင်ဘူး . . .

အဲဒီတော့ . . . . .

ပွဲတင်သံတိတ်အောင်

ဘယ်လိုလုပ်ရမလဲ ဆိုရင် . . .

ဘာမှ မလုပ်ပါနဲ့ . . .

ဒါမှ မဟုတ် . . . . .

ဘာမှ မလုပ်တဲ့ အလုပ်ကို လုပ်ပါ . . .

လို့ ပြောရမှာ ပဲ . . .

အခုလဲ . . . သင်ဟာ ဇေဒင်ကို မှန်ချင်လွန်းလို့

အရမ်းကြီး ကြိုးစားနေတယ်

အရမ်းကြီး အားတွေထုတ်နေတယ်


အဲဒီလို အရမ်းကြီး ကြိုးစားနေသရွေ့ . . .

အရမ်းကြီး အားတွေထုတ်နေသရွေ့ . . .

ဇေဒင်ဟာ မမှန်နိုင်ဘူး . . . ဆိုတာ သဘောပေါက်စမ်းပါ . . .။

မင်းသိခ်

* * *



ယုန်ရုပ်ထုသူ

သင့်ကို ပြောချင်ပါတယ် . . . . .

ကျွန်းတုံးကြီးတစ်တုံးယူပြီး ပန်းပုဆရာဆီကို သွားပါ . . .

ပြီးတော့ ယုန်ရုပ်တစ်ရုပ် ထုပေးပါလို့ . . . ပန်းပုဆရာကို ပြောပါ . . .

ပန်းပုဆရာ ယုန်ရုပ်ထုတာကို သင်ကိုယ်တိုင် သေသေချာချာ ထိုင်ပြီး ကြည့်နေပါ၊

ပန်းပုဆရာဟာ ဆောက်နဲ့ လက်ရိုက်ကို ယူပြီး သင့်ရှေ့စတင် ယုန်ရုပ်ကို ထုနေတာ မဟုတ်ပါဘူး၊

ကျွန်းတုံးကြီးမှာ ရှိတဲ့ ယုန်ရုပ်မဖြစ်မဲ့ အသားတွေကို ဆောက်နဲ့ ဖဲ့ချနေတာဖြစ်တယ် . . .

ယုန်ရုပ်က သူ့အလိုလိုပေါ်လာတာ မဟုတ်ဘူး လား . . .

ဒီလိုပါပဲ . . . ဗေဒင်ကို မှန်အောင် ဟောမယ်ဆိုပြီး လုပ်လို့ မရပါဘူး၊ မမှန်တဲ့ တရားတွေကို ဖဲ့ချဖို့ ပါပဲ . . .

အဲဒီလို သဘောပေါက်သွားရင် သင်ဟာ ဗေဒင်တစ်ခုပဲကို တတ်မြောက်သွားတာ မဟုတ်ဘူး . . .

အရာရာကို သဘောပေါက်သွားတာ ဖြစ်တယ် . . .။

**မင်းသိခ်**

* * *





## ဗေဒင်တွက်နည်းတွေက များ တယ်

‘၂၀၀. . ."ဆိုတဲ့ ကိန်းဂဏန်းတစ်ခုကို ရဖို့ ဘာလုပ်ရမလဲလို့ မေးရင် . . .

၁၀၀ နဲ့ ၁၀၀ ကို ပေါင်းလိုက်ပေ့ါ . . . လို့ ပုံသေ မပြောပါနဲ့ . . .၊

၁၉၉ နဲ့ ၁ ပေါင်းရင်လည်း ၂၀၀ ရပါတယ်၊

၁၁၀ နဲ့ ၉၀ ပေါင်းရင်လည်း ၂၀၀ ရပါတယ်၊

၁၃၆ နဲ့ ၆၄ ပေါင်းရင်လည်း ၂၀၀ ရပါတယ်၊

၂၀၀ ရမဲ့ နည်းလမ်းတွေ အများကြီးပါ၊

ဒီလိုပါပဲ . . . ဗေဒင်ဟောတာ မှန်ချင်တယ်

ဘယ်နည်းကို လိုက်စားရမလဲလို့

မမေးပါနဲ့ . . .၊


ဘယ်ဟာနဲ့ တွက်မှ မှန်တယ်လို့ မပြောပါနဲ့ . . .

မှန်တဲ့ နည်းတွေ အမြောက်အမြားရှိပါတယ်၊

အဲဒီထဲက သင်ကြိုက်ရာ နည်း(၁)နည်းကို ယုံယုံကြည်ကြည် သုံးလိုက်ရုံပါပဲ . . .။

**မင်းသိခ်**

* * *



## ချိန်ခွင်ပမာ

ချိန်ခွင်မှာ . . .

ပစ္စည်းထည့်တဲ့ ခွက်ရယ် . . .

အလေးထည့်တဲ့ ခွက်ရယ်လို့ နှစ်ခုရှိတယ် . . .။

ဒါပေမဲ့ . . . ချိန်ခွင်မှန်တယ်ဆိုတာ

အဲဒီခွက်နှစ်ခုထဲမှာ မရှိဘူး . . .၊

ပစ္စည်းထည့်တဲ့ ဘက်မှာ လည်း မရှိဘူး . . .၊

အလေးထည့်တဲ့ ဘက်မှာ လည်း မရှိဘူး . . .၊

အဲဒီနှစ်ခုရဲ့ အပြင်ဘက်ကို ရောက်နေတယ်။

ချိန်ခွင်မှန်ခြင်းဟာ ချိန်ခွင်ပေါင်ရဲ့ အပေါ်က

လျှာမှာ ရောက်နေတယ်၊ သီးခြား ကင်းလွတ်နေတယ်၊

အဲဒီလိုပဲ . . .

ဗေဒင်မှန်ခြင်းဟာလည်း

တွက်ကိန်းတွေထဲမှာ လည်း မရှိဘူး၊

ပြက္ခဒိန်တွေထဲမှာ လည်း မရှိဘူး . . .၊

အဲဒီအရာတွေနဲ့ ကင်းလွတ်နေတယ် . . .၊

ဒါကြောင့် . . .

ဘယ်နည်းနဲ့ တွက်မှ မှန်တယ် . . .

ဘယ်ပြက္ခဒိန်နဲ့ တွက်မှ မှန်တယ် . . . ဆိုတဲ့

စကားတွေ လာပြောရင် နားပိတ်ထားရုံမှ အပ

ဘာလုပ်စရာရှိလို့ လဲ . . .။

**မင်းသိခ်**

* * *



နှစ်ဆန်းတစ်ရက်နေ့တွင် တပည့်များ စုပေါင်း၍ ဆရာကြီး မင်းသိမ်အား ခေါင်းလျှော်ကန်တော့ကြစဉ်



နှစ်ဆန်းတစ်ရက်နေ့တွင် ဆရာကြီး မင်းသိမ် နှင့် တပည့်များ၊ ဗေဒင်ပရိသတ်များ စုပေါင်း၍ ဘေးမဲ့လွှတ်ပွဲ ကျင်းပကြသည်။

# နည်းမဟုတ်တဲ့ နည်း

ဖောက်ပြီးထားမှ လမ်းလို့ ခေါ်တာ မဟုတ်ဘူး ၊

ဖောက်မထားပေမဲ့ လျှောက်သွားလို့ ရတဲ့ အရာကိုလည်း

လမ်းလို့ ခေါ်တယ် . . .

ဒါပေမဲ့ . . .

ဖောက်ထားတဲ့ လမ်းက မသွားဘဲ

လျှောက်သွားလို့ ရတဲ့ နေရာက သွားရင်တော့

အဲဒီလမ်းကို လမ်းမဟုတ်တဲ့ လမ်းလို့ ပြောရမှာ ပဲ၊

ဇေကံသပညာဟာလည်း

အရင့်အရင် ဖောက်ပြီးသား လမ်းဟောင်း မဟုတ်ပါဘူး။

လမ်းမဟုတ်တဲ့ လမ်းပါ . . .။

'နည်း'လို့ ပြောရင်လည်း . . .၊

အင်္ဂလိပ်စကားတတ်တဲ့ လူတွေက အဲဒါကိုပဲ

"Way Without Way" လို့ ပြောကြတယ် မဟုတ်လား။

* * *





ပုစွန်တောင် ရွှေဘုန်းပွင့်ဘုရားတွင် တန်ဆောင်မုန်းလပြည့်ညီ အဓိဋ္ဌာန်
အစမ်းဖြောင်ပေါ်ပြောခြင်း၊ လက်ဆောင်ပစ္စည်းဝေခြင်း၊
ဆွမ်းတော်ကြီးတင်လှူခြင်းအစီအစဉ်များဖြင့် နှစ်စဉ်ကျင်းပမဲ့သော
ကော်သလ္လဲတော်၏ ညတစ်ည

ပုဗ္ဗန်တောင် ရွှေဘုန်းပွင့်ဘုရားတွင် တန်ဆောင်မုန်းလမပြည့်မီ အဖိတ်ညဉ့် အခမဲ့ဗေဒင်ဟောပြော ခြင်း၊ လက်ဆောင်ပစ္စည်းဝေငှခြင်း၊ ဆွမ်းတော်ကြီး တင်လှူခြင်း အစီအစဉ်များ ဖြင့် နှစ်စဉ်ကျင်းပခဲ့သော ဧကံသပွဲတော်၏ ညတစ်ည

* * *

## ငြင်းခုံခြင်း

ဒီမှာ မိတ်ဆွေ . . .

လောကကြီးမှာ ငြင်းခုံစရာရယ်လို့

ဘာမှ မရှိဘူး . . .၊ လိုက်လျောညီညွတ်ဖို့ ပဲ လိုတယ် . . .။

အမှန်နဲ့ အမှား ဆိုတာလည်း ( ၂ )ခု မဟုတ်ဘူး ။

တစ်ခုတည်းသော အရာရဲ့ ဟိုဘက်ဒီဘက်

မျက်နှာစာတွေ ဖြစ်တယ် . . .။

အဲဒီလိုပဲ . . .

အကောင်းအဆိုး အမာ အပျော့၊ အမြင့် အနိမ့်၊ အလှအပနဲ့ အကျည်းတန်တဲ့ အရာရယ်လို့ ( ၂ )ခုလုပ်ပြီး ပြောနေကြပေမဲ့ တကယ်က ( ၂ )ခု

မဟုတ်ဘူး ၊ တစ်ခုတည်းရဲ့ အခြေအနေ မတူမှုတွေ ဖြစ်တယ်၊ အပူအအေး တိုင်းတဲ့ ပြဒါးတိုင်ကို တွေ့ဖူးတယ် မဟုတ်လား၊ အပူတိုင်းတဲ့ ပြဒါးတိုင်က တစ်ခု၊ အအေးတိုင်းတဲ့ ပြဒါးတိုင် တစ်ခုဆိုပြီး ( ၂ )ခု ဆောင်ထားရတာမျိုး မဟုတ်ဘူး ၊ ဒီပြဒါးတိုင်တစ်ခုထဲကပဲ အပူကိုပြတယ် . . . ဒီတစ်ခုထဲ ကပဲ အအေးကိုပြတယ် . . . ဘယ်မှာ လဲ . . . ( ၂ ) ခု . . .။

ဒါကြောင့် . . .

လှတယ်လို့ ပြောတဲ့ လူကို အကျည်းတန်တဲ့ ဘက်က ငြင်းခုံရန်အကြောင်းမရှိပါဘူး။ မြင့်တယ်လို့ ပြောတဲ့ လူကို နိမ့်တဲ့ ဘက်က ငြင်းဖို့ လည်း မရှိပါဘူး၊ ဒီအရာတွေဟာ တကယ်ရှိတဲ့ အရာတွေ မဟုတ်ဘူး ၊ နှိုင်းဆမှုနဲ့ ပြောနေတာ . . .၊ အဲဒီလိုပါပဲ . . .

သင့်ကို ဇကာသဗေဒင် သင်ပေးလိုက်တာဟာ

ငြင်းခုံဖို့ မဟုတ်ဘူး . . .။

ကြိုက်တဲ့ လူက ချီးမွမ်းလိမ့်မယ် . . .

မကြိုက်တဲ့ လူက ကဲ့ရဲ့ တဲ့ လူရော

ချီးမွမ်းတဲ့ လူရော ကဲ့ရဲ့ တဲ့ လူရော

( ၂ )ယောက်စလုံးမှားတယ် . . .။

သင်ကမူ . . .

အဲဒီအရာ ( ၂ )ခုနဲ့ လွတ်အောင် နေပြီး

ဇကာသကို ပီပီသသ အသုံးချစမ်းပါ၊

ဘာဖြစ်လို့ ငြင်းနေရမှာ လဲ . . .။ ။

**မင်းသိခ်**

* * *



နှစ်စဉ် နှစ်ဆန်းတစ်ရက်နေ့တွင် ဆရာကြီး မင်းသိမ်နှင့် တပည့်များ၊
ဒေဝင်ပရိသတ်များ စုပေါင်း၍ ဘေးမဲ့လွှတ်ပွဲ ကျင်းပကြသည်။



## ဧကံသဗျာကရဏမှာ တမ်း

အလွန်အင်မတန် လွယ်ကူသည့် မိမိကိုယ်ပိုင်တွက်နည်း ဟောနည်း ကလေးကို မြတ်နိုးပါ၊

အခြားခြားသော ဗေဒင်နိယာမများ ၊ အဆိုအမိန့်များ ၊ တွက်ချက်ရခက်သော ကိန်းကြီးခန်းကြီးများ ၊ ကျမ်းကြီး ပေကြီးများ အတွင်း၌ သင်၏ ဗေဒင်ဆရာဘဝကို အကျဉ်းချမထားပါနှင့် ( အစဉ်လွတ်မြောက်နေပါ စေ၊ မိမိရရှိထားသော လွယ်ကူသည့် နည်း၊ ဟောနည်းကလေးများသာ အမှန်ဖြစ်သည် ဟု ခိုင်ခိုင်မာမာ ယူဆ ထားပါ။)

အို . . . . . ချစ်စွာသော မိတ်ဆွေ -

အဟောမှန်ခြင်းကို သင်သည် နှောင်ဖွဲ့၍ မထားနိုင်၊ ထားရန်လည်း နေရာမရှိ၊ သင်မမွေးဖွားမီကပင် ထိုအရာသည် ရှိခဲ့ပြီး ဖြစ်၏။ အဟောမှန်ခြင်းသည် ရှည်လျားရှုပ်ထွေးသော တွက်ကိန်းများ ၌ လည်း မရှိ၊ ညှိကိန်း ကောက်ကိန်းများ ၌ မရှိ၊ ဂြိုဟ်သွား ပြက္ခဒိန်များ ၌ လည်း မရှိ။

အို . . . . . ချစ်စွာသော ဧကံသမိတ်ဆွေ -

ရှုပ်ထွေးသော တွက်ကိန်းများကို အသုံးပြုမှ ဗေဒင်ကို မှန်အောင် ဟောနိုင်မည်ဟူသော အယူအဆတို့ ကို "အတွက်" ဆရာများ ထံ၌ လည်းကောင်း၊ မည်သည့် ကိန်းကိုမျှ အသုံးမပြုဘဲ ပါးစပ်ထဲ၌ တွေ့ကရာ လျှောက်ပြောလျှင်လည်း မှန်ပါသည် ဆိုသည့် အယူအဆ "တွက်ကိန်းမဲ့ " ဆရာများ ထံ၌ လည်းကောင်း၊ အကြင်နာမဲ့စွာ ထားပစ်ခဲ့ပါ။

သင်ကမူ . . . မိမိနားလည်ထားသော လွယ်ကူသည့် တွက်ကိန်းဟောကိန်းနှင့် အတွေ့အကြုံ အစုအပုံထဲမှ ဗေဒင်မှန်ရခြင်း၏ ရတနာကို မြတ်နိုးစွာ သိမ်းဆည်းထားပါလော့။

* * *



တန်ဆောင်မုန်းလပြည့်ည ဆေးတော်ကြီး ဖော်ပွဲ



## ဧကံသဗျာကရဏာ ဗေဒင်ပညာရှင်တို့ ၏ အဘိဓမ္မာ

၁။ ဗေဒင်မှန်ခြင်းသည် ခက်ခဲသော တွက်ကိန်းများ နှင့် ဗေဒင်ကျမ်းစာအုပ်များ ၏ အပြင်ဘက်၌ သာ ရှိသည် ။

၂။ ဗေဒင်မှန်ခြင်းသည် ရှုပ်လှုပ်ခက်ခဲသော တွက်ကိန်းများ နှင့် ကျမ်းစာအုပ်ပေါ်မှ မှီတွယ်၍ နေခြင်း မဟုတ်ပေ။

၃။ ဗေဒင်မှန်ခြင်းသည် ဟောသူ၏ စိတ်နှလုံးမှ တိုက်ရိုက်ထိုးဖောက် ထွက်ပေါ်လာခြင်းသာ ဖြစ်သည် ။

၄။ ဗေဒင်မှန်ခြင်းသည် ဗေဒင်ဟူသော အရာ၏ ပင်ကိုသဘာဝနှင့် ဗေဒင်ဟောသူ၏ ပင်ကို သဘာဝကို ရှုမြင် သဘောပေါက်ခြင်းသာ လျှင် ဖြစ်၏။

**မင်းသိခ်**

* * *

[illegible]
[illegible]



* * *

'**ဧကံသဗေဒင်**'သင်တန်း . . . ပြည့်ပြည့်စုံစုံ ပြောရင်တော့ . . . '**ဧကံ သဗ္ဗာကရဏာဗေဒဗေဒင်ပညာ**' သင်တန်းပေ့ါ . . . ဟုတ်ပြီလား။ ဒီသင်တန်း တစ်လျှောက်လုံးမှာ '**ဧကံသဗေဒင်**' လို့ ပဲ ပြောသွားမယ်။ '**ဧကံ သ ဗ္ဗာကရဏာဗေဒဗေဒင်ပညာ**' လို့ ထပ်ခါ ထပ်ခါ ပြောနေရရင် ငါ . . . အသက်ပိုတိုသွားမယ်။ ဟုတ်ပြီလား . . .။ အသက်တိုတဲ့ စကားပြောရင်း တစ်စပ်တည်းမှာ င့ါတပည့်တွေကို ငါပြောပြမယ်။ အဲဒါ ဘာလဲဆိုတော့ . . . င့ါရဲ့ ဘ၀အသက်ပိုင်းက ကုန်ဆုံးလုနီးပါး ဖြစ်နေပြီ။ အလွန်ဆုံး နေရလှ ခြောက်လပေ့ါ။ မင်းတို့ တွေ့တဲ့ အတိုင်းပဲ . . .။ အောက်ဆီဂျင်ကို မပြတ်ရှူနေရတယ်။ ခု . . . ဒီသင်တန်းကိုလည်း 'အောက်ဆီဂျင်' ပိုက်တန်းလန်းနဲ့ သင်ရမှာ ပဲ။ 'အောက်ဆီဂျင်' ပိုက်ဖြုတ်လိုက် သင်လိုက်ပေ့ါကွာ။ ၂၀၀၈ ခုနှစ်ကို လက်ပြနှုတ်ဆက်ပြီး ၂၀၀၉ ခုနှစ်ထဲကို ချဉ်းနင်း၀င်ရောက်သွားဖို့ ဘယ်နည်းနဲ့ မှ မဖြစ်နိုင်တော့ဘူး ဆိုတာကို ငါလက်ခံထားတယ်။ ငါ . . . ဒီကမ္ဘာမြေပြင်ပေါ်က ထွက်ခွာမသွားခင်မှာ ဒါဟာ နောက်ဆုံးအကြိမ် ဗေဒင်သင်တန်း ပေးခြင်းလို့ ပဲ သိထား ကြပါ။ 'ဗေဒင်ပညာ' သင်တန်း ဆိုပေမဲ့ . . . ခု သင်တန်းမှာ က '**ဧကံသဗေဒင်**' သက်သက်ကိုပဲ သင်မှာ ပါ။ မင်းတို့ ကတော့ . . . "ဒီဆရာကြီးကတော့ကွာ . . . သေခါနီးတောင်မှ တရားဘာ၀နာဘက် စိတ်မရောက်ဘဲ ဗေဒင် သင်တန်းပေးရတယ်လို့ " အပြစ်တင်ကြမှာ ပဲ။ ပြောကြမှာ ပဲ။ မင်းတို့ အပြစ်တင်ကြ၊ ပြောကြလ

ည်း မတတ်နိုင်ဘူး။ မှန်လည်း မှန် . . . ဟုတ်လည်း ဟုတ် နေတာကိုးကွ . . .။

အမှန်ကို ပြောရရင်တော့ . . . ငါ့ဘဝရဲ့ နောက်ဆုံးနေ့ရက်တွေမှာ ဒီ '**ဇကော်သဗေဒင်**' သင်တန်းကိုမှ ပေးမသွားဘဲ သေသွားခဲ့ရင် ငါ့ဘဝကူး ကောင်းမှာ မဟုတ်ဘူး ။ အဲဒါဘာကြောင့် လဲ . . .သိကြလား။ ငါ့ဗေဒင် သင်တန်းတွေက ဆင်းသွားတဲ့ တပည့်တွေထဲမှာ ဗေဒင်ပညာနဲ့ အသက် မွေးဝမ်းကျောင်းပြုနေတဲ့ သူတွေ တော်တော်များ တယ်။ ဗေဒင် ဆရာ တွေ . . . ဆရာမတွေပေ့ါကွာ . . .တချို့ဆိုရင် . . . ဗေဒင်ဆရာကြီးတွေ၊ ဗေဒင် ဆရာမကြီးတွေ ဖြစ်ပြီး တပည့်တွေတောင် တော်တော်များများ ရှိနေကြပြီ။ အဲဒီ ငါ့တပည့် ဗေဒင်ဆရာ ကြီးတွေ၊ ဗေဒင်ဆရာမကြီး တွေကအစ ဗေဒင်ဆရာလေးတွေ . . . ဗေဒင်ဆရာမလေးတွေ အဆုံး . . . '**ဇကော်သဗေဒင်**' ကို မသုံးကြတော့ဘူး။ ဟောလည်း မဟောဘူး။ '**သုံး တန်ပေါ်နိစ်**' တွေ '**တားရော့ဒ်**' တွေနဲ့ ဟောပြောနေကြတယ်။ သူတို့ ရဲ့ ဆိုင်းဘုတ်တွေမှာ တော့ '**ဇကော်သဗျာကရဏဗေဒဗေဒင်ပညာရှင်**' လို့ တော့ ရေး ထားတယ်။ အဲဒါ . . . ဘာသဘောလဲ . . . တော်တော်များများ ဆရာ၊ ဆရာမတွေကတော့ '**ဇကော်သဗေဒင်**' ကို မတ တ်ကြပါဘူး။ ကြားဖူးနားဝရှိရုံလောက် အဆင့်ပါပဲ။ ဒါဖြင့် . . . ဘာကြောင့် '**ဇကော်သဗျာကရဏဗေဒ ဗေဒင်ပညာရှင်**' လို့ ဆိုင်းဘုတ် တွေမှာ ရေးထားကြတာလဲ။ ဒီ '**ဇကော်သဗေဒင်**' က မမှန်လို့ အားမကိုး လောက်လို့ မဟောတာပေ့ါ။ ဒါဆိုရင် ဘာဖြစ်လို့ '**သုံးတန်ပေါ်နိစ်ဗေဒင် ပညာရှင်**' '**တားရော့ဒ်ဗေဒင်ပညာရှင်**' လို့ ရေးပေ့ါ။ ဒါ မိမိရဲ့ အသက် မွေးဝမ်းကျောင်း ပြုတဲ့ လုပ်ငန်းပေါ်မှာ မရိုးသားတာပဲ။ **မိမိရဲ့ အသက် မွေးဝမ်းကျောင်းပြုတဲ့ လုပ်ငန်းပေါ်မှာ မရိုးသားတာဟာ ရှက်စရာ သိပ်**

ကောင်းတယ်။

ငါ့ . . . မိတ်ဆွေတစ်ယောက် ရှိတယ်။ သူကလည်း ဗေဒင်တတ်တယ်။ ဗေဒင်မဟောဘူး။ ဗေဒင် သုတေသီတစ်ဦးပေါ့ကွာ . . .။ အေး . . . သူက ငါ့ကို ပြောတယ် . . . ခင်ဗျားရဲ့ တပည့်တွေဆီမှာ '**ကေ်ာသဗေဒင်**' အကြောင်းကို သိချင်လို့ ဗေဒင်လိုက်မေးကြည့်ပါတယ် . . .။ ကျုပ်ကို ဘယ်သူမှ '**ကေ်ာသဗေဒင်**' နဲ့ မဟောဘူး။ '**သုံးတန်ပေါ်ါနိစ်**'နဲ့ ဟောတယ်။ '**တဲရော့ဒ်**'နဲ့ ဟောတယ်။ တချို့ဆိုရင် '**ကေ်ာသဗေဒင်**' က သိပ်မမှန်ဘူးလို့ တောင် ပြောလိုက်တယ်တဲ့ ။

ဒါကြောင့် ငါ . . . ဒီလောက် သေကောင်ပေါင်းလဲ ဖြစ်နေတာတောင် ငါ့ကျန်းမာရေးကို ဂရုမစိုက်ဘဲ ဒီ . . . '**ကေ်ာသဗေဒင်**' သင်တန်းကို ဖွင့်ရတာပေါ့ကွာ။ ဒါ . . .နောက်ဆုံးသင်တန်းပဲ။

အနောက်တိုင်း . . . အရှေ့တိုင်း / ရှေးဟောင်းဗေဒင်ပညာရပ် တွေရယ် . . . မြန်မာ့ရိုးရာဗေဒင်ပညာ ရယ် . . . အဲဒီပညာရပ်တွေကို အခြေခံပြီး ငါရှာဖွေဖော်ထုတ်ရေးသားထားတဲ့ '**ကေ်ာသဗျာကရဏဗေဒင်**' ကျမ်း စာအုပ် စာမူကိုတော့ ငါ့ညီ 'ဝင်းဇော်' ကိုပေးထားပြီးပြီ။ သူ စာအုပ်ထုတ်လိမ့်မယ်။ စာပေစိစစ်ရေးတွေ ဘာတွေ နဲ့ ဆိုတော့ . . . စာအုပ်ကိုတော့ ငါ . . . မြင်မှ မြင်သွားနိုင်ပါ့မလား မသိဘူး။ အဲဒီ '**ကေ်ာသဗျာကရဏဗေဒ**' ဗေဒင်ကျမ်းထဲမှာ '**သီအိုရီ**' ပိုင်းပဲ ရေးထားတာ။ ခု . . . ဒီသင်တန်း . . . '**ကေ်ာသဗေဒင်**' သင်တန်းမှာ က '**ကေ်ာသဗေဒင်**' ဟောပုံဟောနည်း လက်တွေ့ပိုင်းနဲ့ '**ကေ်ာသဗေဒင်**' ရဲ့ လျှို့ဝှက်ချက်တွေကို သင်ပြပေးမှာ ပါ။ အဲဒီကျမှ '**ကေ်ာသဗေဒင်**' ဟာ ဘယ်လောက်အားကိုးလောက်တယ် ဆိုတာ သိလာလိမ့်မယ်။ အဲဒီလို သိလာ . . . တတ်လာမှ လည်း '**ကေ်ာသဗျာကရဏဗေဒဗေဒင်ပညာရှင်**'လို့ ဆိုင်းဘုတ်

ရေးပြီး '**ဧကံသပေဒင်**' နဲ့ ပဲ ရိုးရိုးသားသား အသက်မွေးဝမ်းကျောင်း ပြု နိုင်လိမ့်မယ်လို့ ငါယုံကြည်တယ်။ ဒီ '**ဧကံသပေဒင်**' သင်တန်းကို အကြောင်းအမျိုးမျိုးနဲ့ မတက်ဖြစ်တဲ့ မင်းတို့ ရဲ့ တပည့်တွေ . . . ညီတော်နောင်တော်တွေ . . . ပညာသင်ဖက် သူငယ်ချင်းတွေကိုလည်း ငါ သင်ပေးလိုက်တဲ့ '**ဧကံသပေဒင်**' ရဲ့ ဟောပုံဟောနည်း လက်တွေ့ပိုင်းနဲ့ '**ဧကံသပေဒင်**' ရဲ့ လျှို့ဝှက်ချက်တွေကို လက်ဆင့် ပြန်ကမ်းလိုက်ကြပါ။

ကဲ . . . '**ဧကံသပေဒင်**' အကြောင်းပြောပြမယ်။ သင်ပြမယ်။ သေသေချာချာ နားထောင်ကြ . . . လိုက်မှတ်ကြပါ။

**စကြဝဠာအတွင်းမှာ ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်တွေဟာ သူ့အချိန် သူ့အခါနဲ့ ဖြစ်သင့်တဲ့ အချိန်မှာ ဖြစ်ပြီး၊ ပျက်သင့်တဲ့ အချိန်မှာ ပျက်ခဲ့ကြတာချည်းပဲ။ ဘယ်အဖြစ်အပျက်မှ မတော်တဆ မဖြစ်ခဲ့ဘူး။ အားလုံးဟာ အချိန်အခါကို လိုက်ပြီး ဖြစ်ပျက်ခဲ့ကြတာချည်းပဲ။ အဲဒါကို သဘာဝတရားလို့ ခေါ်တယ်။ သဘာဝနိယာမလို့ လည်း ခေါ်တယ်။**
"

ဒါကြောင့် . . . "There is  a time for every purpose under the heavens." **(ကောင်းကင်ဘုံ အောက်မှာ ကိစ္စတိုင်းအတွက် အချိန်အခါဆိုတဲ့ အရာဟာ ရှိတယ်။)** လို့ ပြောကြတာ မဟုတ်ဘူး ။ ဒီမှာ . . . ငါ ပြောချင်တာက ဘာလဲ . . . ။ သိကြလား . . . ။ '**အချိန်အခါ**' ဒါကိုပြောချင်တာ။ '**အချိန်**' က '**အချိန်**'။ '**အချိန်အခါ**' က '**အချိန်အခါ**'ပဲ။ အဓိပ္ပာယ် မတူဘူး။ ဘယ်လိုအရေးကြီးတာလဲလို့ မေးစရာဖြစ် လာပြီ မဟုတ်လား။ ပြောပြမယ်။

ဒီလူ့ဘောင်လောကကြီးမှာ လူနေမှုဘဝ ပုံစံအမျိုးမျိုး ရှိတယ် . . .။ လူတွေဟာ ဘဝရပ်တည်ရေး . . . စားဝတ်နေရေးအတွက် အသက်မွေး

ဝမ်းကျောင်း အလုပ်အမျိုးမျိုးကို လုပ်ကြတယ်။ ဟုတ်တယ်နော် . . .။ အဲဒီ အသက်မွေးဝမ်းကျောင်း အလုပ်အမျိုးမျိုးတွေကို လုပ်တဲ့ နေရာမှာ အောင်မြင်တဲ့ သူတွေ ရှိသလို . . . မအောင်မြင်တဲ့ သူတွေလည်း ရှိတယ်။ ဒါပေမဲ့ . . . အောင်မြင်တဲ့ သူက နည်းပြီး မအောင်မြင်တဲ့ သူက များတယ်။ ဥပမာနဲ့ ပြောရင်တော့ ပိုပြီး နားလည်သဘောပေါက်လိမ့်မယ်။ အနုပညာလောကထဲ . . .အနုပညာ နယ်ပယ်ထဲကို ခေတ်တိုင်း ခေတ်တိုင်းမှာ ဝင်လာတဲ့ သူတွေ အများကြီးပဲ။ ဒါပေမဲ့ . . .အဲဒီခေတ်တိုင်း ခေတ်တိုင်းမှာ အောင်မြင်ကျော်ကြားတဲ့ အနုပညာရှင်ကို လက်ချိုးပြီး ရေလို့ ရတယ်။ ခေတ်တိုင်း ခေတ်တိုင်းမှာ နိုင်ငံရေးလောကထဲကို ဝင်ကြတယ် . . .။ နိုင်ငံရေး လုပ်ကြတယ်ပေါ့ကွာ။ နိုင်ငံရေးသမားတွေ အများကြီးပဲ။ ဒါပေမဲ့ . . . နိုင်ငံရေး စင်မြင့်ပေါ်ရောက်တဲ့ နိုင်ငံရေးသမားရဲ့ အရေအတွက်က လက်ဆယ်ချောင်းတောင် မပြည့်ဘူး။ ဟုတ်တယ် မဟုတ်လား။ စီးပွားရေးလောက . . .အားကစားလောက . . .တွေမှာ လည်း အောင်မြင် ကြီးပွားတဲ့ သူ အရေအတွက်ဟာ မပြောလောက်ဘူး။ ငါတို့ ဗေဒင်ဆရာလောကမှာ ပဲ ကြည့်စမ်းပါဦး။ ဗေဒင် တတ်တဲ့ သူတွေ အများကြီးပဲ။ ဗေဒင်ဟောကြတယ်။ ဒီထဲမှာ အောင်မြင်တဲ့ ဗေဒင်ဆရာက နည်းနည်းပဲ ရှိတယ် . . .။ ဟုတ်တယ် . . .မဟုတ်လား။ အဲဒီ . . .နယ်ပယ်အသီးသီးမှာ အောင်မြင်တဲ့ ပုဂ္ဂိုလ်တွေဟာ တော်လို့ တတ်လို့ ပါရမီရှိလို့ အောင်မြင်တယ် ဆိုတာထက် အခါကောင်း အချိန်ကောင်း . . . အချိန်အခါကောင်းကို ရွေး ချယ်မိလို့ အောင်မြင်တယ်လို့ ပြောတာက ပိုမှန်တယ်။ ဒါပေမဲ့ . .. အဲဒီအောင်မြင်တဲ့ ပုဂ္ဂိုလ်တွေဟာ အချိန်အခါကောင်း ရွေးနည်းကို သိလို့ မဟုတ်ဘူး ။ အလိုအလျောက် အချိန်အခါကောင်းနဲ့ တိုက်ဆိုင်သွားလို့ ပါ။ အင်္ဂလိပ်လို ပြောကြည့်ရအောင် . . .A man has crowned his achievement with success because he has chosen a g

ood and auspicious time for commencing his work albeit unconsci ously . ဟုတ်ပြီ . . . လူမှုဘဝ နယ်ပယ်မှာ အောင်မြင်ဖို့ '**အချိန်အခါ**' ကောင်းကို ဘယ်လို ရွေးချယ်ရမှာ လဲလို့ မေးစရာ ဖြစ် လာပြီ။ ကံအတိုင်းပဲ ဆိုပြီး တိုက်ဆိုင်မှုကို စောင့်ဖို့ . . . မျှော်နေဖို့ မလိုပါဘူး။ တိုက်ဆိုင်မှုကို စောင့်တာ . . . မျှော်မှန်းတာက ထီဆုကြီး ပေါက်သလို ဖြစ်တောင့်ဖြစ်ခဲပါ။ '**ဧကံသပေဒင်**' ကို တတ်ရင်တော့ အဲဒီ '**အချိန်အခါ**' ကောင်းကို ခေါင်းခေါက်ပြီး ဆွဲခေါ်လာလို့ ရတယ်။ လူတွေ . . .ရဲ့ လူမှုဘဝ နယ်ပယ်အသီးသီးမှာ ရှိတဲ့ လုပ်ငန်း တွေကို အောင်မြင်အောင် '**ဧကံသပေဒင်**' နဲ့ '**အချိန်အခါ**' ကောင်းတွေကို ရွေးပေးလို့ ရတယ်။ အဲဒါကို ယုံကြည် စမ်းပါ။

မင်းတို့ က ပေဒင်ဆရာတွေ . . .။ မင်းတို့ ဆီမှာ ပေဒင်လာမေးတဲ့ သူတွေ . . . မင်းတို့ ရဲ့ ထမင်းရှင်တွေ ကို သူတို့ ရဲ့ လုပ်ငန်းတွေ အောင်မြင်ဖို့ ။ သူတို့ ရဲ့ ရည်မှန်းချက် . . . မျှော်မှန်းချက်တွေကို သူတို့ ကိုယ်တိုင် လက်ဝယ် ပိုင်ပိုင်ဆုပ်ကိုင်မိဖို့ ။ သူတို့ ရဲ့ လူနေမှုဘဝ မြင့်မားဖို့ . . .မင်းတို့ က '**ဧကံသပေဒင်**' ပညာနဲ့ '**အချိန်အခါ**' ကောင်းတွေကို ရှာဖွေပေးလိုက်ပါ။ ဒါမှ '**ဧကံသပေဒင်**' ပညာလည်း ဂုဏ်တက်မယ် ။ ခုတော့ . . . '**ဧကံသပေဒင်**' ပညာက ဆိုင်းဘုတ်ပေါ်မှာ ပဲ ရှိတော့တယ်။ အဲဒီ ဆိုင်းဘုတ်အောက်မှာ ထိုင်နေတဲ့ '**ဧကံသဗျာကရဏပေဒပေဒင်ပညာရှင်**' ဆိုတဲ့ ပေဒင်ဆရာဆီမှာ . . . '**ဧကံသပေဒင်**' ပညာမရှိတော့ဘူး။ ဒီလိုနဲ့ သိပ်မကြာပါဘူး . . . '**ဧကံသပေဒင်**' ပညာဟာ ဇာတ်သိမ်းသွားမယ်။ ချုပ်ငြိမ်းသွားမယ်။ ဆိတ်သုဉ်းသွားမယ်။ မျိုးကန်းသွားမယ်။ '**ဧကံသဗျာကရဏပေဒပေဒင်ပညာရှင်**' တွေလည်း '**ဟင်္သာကိုးသောင်း**' ဖြစ်သွားမယ်။ '**ဧကံသပေဒင်**' ပျောက်ကွယ်သွားတဲ့ နောက်

တော့ . . . ‘**ဧကံသဗျာကရဏဗေဒဗေဒင်ပညာရှင်**’ တွေဆိုတာ ဘယ်ရှိပါ့မလဲ . . .။ ဟုတ်တယ် မဟုတ်လား . . .။ သစ်ပင် ပင်စည်လဲမှ တော့ . . . ကိုင်းဖျား ကိုင်းနားတွေ လွင့်စင်သွားပြီပေါ့ကွာ ။ ‘**ဧကံသဗေဒင်**’ က ခုဆိုရင် တိမ်ကောစ ပြုနေပြီ . . .။ ဒါပေမဲ့ . . . မြို့တိုင်းလိုလိုမှာ ‘**ဧကံသဗျာကရဏဗေဒဗေဒင်ပညာရှင်**’ ဆိုတဲ့ ဗေဒင်ဆိုင်းဘုတ်တွေနဲ့ ဗေဒင်ဟောနေကြတယ်။ ငါမသေခင်မှာ ငါဖော်ထုတ် ပြုစုခဲ့တဲ့ ‘**ဧကံသဗေဒင်**’ က ငါနဲ့ အတူ လိုက်သေဖို့ အသင့်ဖြစ်နေပြီ။

ငါလည်း ပြောရင်းနဲ့ မောလာတယ်။ ဒါပေမဲ့ . . . စကားရှည်ရဦးမယ်။ ‘**ဧကံသဗေဒင်**’ ရဲ့ လက်တွေ့ပိုင်း ဟောပုံဟောနည်းနဲ့ ‘**ဧကံသဗေဒင်**’ ရဲ့ လျှို့ဝှက်ချက်ကို မပြောခင်မှာ . . . ‘**ဧကံသဗေဒင်**’ရဲ့ လာရာလမ်းကြောင်းကို ပြောပြမယ်။ ‘**ဧကံသဗေဒင်**’ရဲ့ ပညာစဉ်စီးကြောင်းကိုလည်း ‘**ဧကံသဗျာကရဏဗေဒ ဗေဒင်ပညာရှင်**’ ဆိုတဲ့ ငါ့တပည့်တွေ သိထားသင့်တယ်။ ဟုတ်တယ် . . . မဟုတ်လား။

* * *